# အခြေကျခြင်း

ဩစတြေးလျားတွင် အမြန်ဆုံးနည်းနှင့် အခြေကျရန်မှာ အင်္ဂလိပ်စာသင်ယူပြီး အလုပ်ရှာရန် သို့မဟုတ် လေ့ကျင့်ရေးသင်တန်း တက်ရန်ဖြစ်ပါသည်။ သို့သော်လည်း၊ နိုင်ငံသစ်တစ်ခုကို ပြောင်းရွှေ့အခြေချခြင်းသည် ဗျာများစေနိုင်ပြီး၊ အိမ်ရာကိစ္စ၊ အလုပ်ရရေးကိစ္စ နှင့် သင့်အနေနှင့် သင်၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုကိစ္စတို့အတွက် စိတ်ပူရဖွယ်ရှိပါလိမ့်မည်။

ဤ အဦးအစ အခြေချကာလအတွင်း သင့်အား ထောက်ပံ့ရန်အတွက် ဩစတြေးလျားအစိုးရသည် ဝန်ဆောင်မှုမျိုးစုံကို စီစဉ်ပေးပါသည်။ ဤဝန်ဆောင်မှုများအား "လူမှုဝန်ဆောင်ရေးများဌာန" (Department of Social Services – DSS) က စီမံကွပ်ကဲပေးသော "လူသားချင်းစာနာထောက်ထားခံရ၍ ရောက်လာသူအား အခြေချပေးခြင်းဆိုင်ရာ အစီအစဉ်"(Humanitarian Settlement Program – HSP) အရ၊ စီစဉ်ဆောင်ရွက်ပေးပါသည်။ သင်ရရှိလိမ့်မည့် အထောက်အပံ့သည် သင့် မိသားစု သို့မဟုတ် တစ်ဦးချင်း၏ လိုအပ်မှုများတို့အပေါ် မူတည်ပါလိမ့်မည်။

သင့်ဘာသာသင် လွတ်လပ်စွာ ရပ်တည်လာနိုင်မည့်ခရီးအဆုံး၏ လမ်းကြောင်းအပေါ် စတင်လှမ်းလျှောက်နိုင်ရန်အတွက် အစအဦးပိုင်းတွင် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူ တစ်ဦးက သင့်ကို ကူညီပေးပါလိမ့်မည်။ သူတို့သည် သင့်အား လေဆိပ်၌ လာကြိုပြီး သင့်နေရာထိုင်ခင်းသို့ ခေါ်ဆောင်သွားပါလိမ့်မည်။

လူတိုင်း၏ ခရီးကြောင်းမှာ ကွဲပြားလိမ့်မည်ဖြစ်သော်လည်း၊ ဩစတြေးလျားသို့ ဆိုက်ရောက်လာပြီးနောက် ပထမ ရက်သတ္တပါတ်များအတွင်း၌ အချို့ကိစ္စရပ်များကို မလုပ်မနေရဖြစ်ပါသည်။

သင် ဘာလုပ်ရမည် နှင့် ၎င်းကို ဘယ်တော့လုပ်ရမည်ကို သိရန်၊ ဤဆောင်ရွက်ရမည့်စာရင်းကို အသုံးပြုပါ။ သင့် အမှုတွဲလုပ်သားသည် ဤဆောင်ရွက်ရမည့်အဆင့်တစ်ခုစီ၌ သင့်အား ကူညီပေးနိုင်ကောင်း ကူညီပေးနိုင်ပါမည်။

## ပထမ အပတ်၌

- ☐ ဩစတြေးလျားလေဆိပ်သို့ ဆိုက်ရောက်လာပြီး သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူက သင့်ကိုတွေ့ဆုံမည်
- ☐ သင့် နေရာထိုင်ခင်းသို့ ဆိုက်ရောက်မည်
- ☐ ဘဏ်စာရင်းဖွင့်မည် – ငွေသွင်း/ငွေထုတ်ခြင်းကိစ္စနှင့် အကျွမ်းဝင်လာမည်
- ☐ စင်တာလင့်ခ် (Centrelink) ၌ မှတ်ပုံတင် စာရင်းသွင်းမည် – သို့အားဖြင့် သင် ထောက်ပံ့ကြေးပေးငွေများကို ရရှိနိုင်ပါမည်
- ☐ မယ်ဒီကဲ (Medicare) ၌ မှတ်ပုံတင် စာရင်းသွင်းမည် – သို့အားဖြင့် သင် ဆေးကုသ ပြုစုစောင့်ရှောက်မှုကို ရရှိနိုင်ပါမည်
- ☐ သင်၏ အခွန်ဖိုင်နံပါတ် (Tax File Number – TFN) ကို ရယူမည် – သို့အားဖြင့် သင် အလုပ်ရှာနိုင်မည်

## ပထမ ရက်သတ္တပါတ်နှစ်ခုတွင်

- ☐ သင့်ကလေးများအား ကျောင်းအပ်ပါ
- ☐ သင့် အိမ်နီးပတ်ဝန်းကျင်နှင့် အကျွမ်းဝင်အောင်လုပ်ပါ။ အနီးဆုံး ဈေးဆိုင်တန်း၊ ကုန်ပဒေသာဈေး၊ ဆေးရုံ၊ စာကြည့်တိုက် နှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး အချိတ်အဆက်များကို ရှာပါ
- ☐ သင့်မိသားစု ဆေးကုသ ပြုစုစောင့်ရှောက်မှု ရရှိရေးအတွက် ဒေသခံ ဆရာဝန်တစ်ဦးကို ရှာပါ

## ပထမ ခြောက်လတွင်

- ☐ ကျန်းမာရေး ဆေးစစ်ပါ
- ☐ အင်္ဂလိပ်စာသင်ယူရန် သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ် (Adult Migrant English Program – AMEP) ၌ မှတ်ပုံတင် စာရင်းသွင်းပါ
- ☐ အကယ်၍ သင်၏ ပထမအိမ်သည် ယာယီအတွက်ဖြစ်လျှင်၊ သင် ရေရှည်နေရာထိုင်ခင်းကို ရှာဖွေရန်လိုအပ်ပါလိမ့်မည်
- ☐ အလုပ်အကိုင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းတစ်ခုခုကို စတင် ရှာဖွေပါ

ဩစတြေးလျား၌ နေထိုင်ကြသူများအားလုံး ပြည်နယ်များ နှင့် ဒေသများအတွင်း လွတ်လပ်စွာ ခရီးသွားလာ၍ ပြောင်းရွှေ့နိုင်ကြပါသည်။ သင် ပထမဆုံး အခြေချနေထိုင်သည့်အရပ်မှ စောစီး၍ပြောင်းရွှေ့လျှင်၊ HSP အစီအစဉ်အရ ဝန်ဆောင်မှုအချို့ကို သင် ရရှိချင်မှရရှိတော့မည့် အဓိပ္ပာယ်ဆောင်ပါသည်။ ပြောင်းရွှေ့ရန် ဆုံးဖြတ်ချက်ကိုမချမီ သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်ကို အဆိုပြုသူအား စကားပြော၍ သူတို့ထံမှ အကြံဉာဏ်တောင်းပါ။

ဩစတြေးလျားသည် ပထဝီမြေသဘောအရ ကြီးမားသောနိုင်ငံတစ်ခုဖြစ်သည်၊ သို့သော်လည်း နိုင်ငံတစ်ဝန်းရှိလူများသည် အဆင့်မြင့် အရည်အသွေးရှိသော ဆက်သွယ်ရေး နှင့် သယ်ယူပို့ဆောင်ရေး အချိတ်အဆက်များအရ တစ်ဦးနှင့်တစ်ဦး လွယ်လင့်တကူ အဆက်အစပ် ထားထားကြပါသည်။ ဩစတြေးလျားလူမျိုးများသည် အများအားဖြင့် စနေ၊ တနင်္ဂနွေ သို့မဟုတ် အားလပ်ရက်များ ကာလအတောအတွင်း၌ မိတ်ဆွေများ နှင့် မိသားစုများထံ အလည်အပတ်သွားကြရန် ခရီးရှည်များ မကြာခဏထွက်ကြပါသည်။ သင့် မိတ်ဆွေများ နှင့် မိသားစုများအား တွေ့ဆုံရန် သင်နေထိုင်ရာအရပ်မှ ပြောင်းရွှေ့စရာမလိုပါ၊ ၎င်းအစား ဘတ်စ်ကားများ သို့မဟုတ် ရထားများကဲ့သို့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကို အသုံးပြုလျက် သွားရောက်လည်ပတ်ရန် စဉ်းစားနိုင်ပါသည်။

## အရေးကြီးသော အမည်များ နှင့် ဆက်သွယ်ရမည့်သူများ

### အမှုတွဲလုပ်သား

အကယ်၍သင်သည် အဆင့်အတန်းခွဲ ဗီဇာ 200၊ 201၊ 203 သို့မဟုတ် 204 ကိုင်ဆောင်ထားလျှင်၊ သင်အခြေကျရေးကို အထောက်အကူပြုရန် သင့်အတွက် အမှုတွဲလုပ်သားတစ်ဦး ခန့်အပ်ပေးမည်ဖြစ်ပါသည်။ အမှုတွဲလုပ်သားများသည် HSP အစီအစဉ်အရ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသော အဖွဲ့အစည်းများ၏ အမှုထမ်းများဖြစ်ပါသည်။ သင့်အမှုတွဲလုပ်သားသည် သင့်အား လေဆိပ်၌ တွေ့ဆုံပြီး သင် ဩစတြေးလျား၌ အခြေကျသည်နှင့်အမျှ သင့်အား အထောက်အပံ့ပေးမည့်သူဖြစ်ပါသည်။ သူတို့သည် သင်နှင့် တစ်ချိန်လုံး ရှိနိုင်မည်မဟုတ်သဖြင့် သင့်ကိုယ်ပိုင် အခြေချခရီးကြောင်းကို ထိန်းချုပ်စိုးမိုးရန် အရေးကြီးပါသည်။ မေးခွန်းများကို မေးပါ။ သင့်လိုလူများပါဝင်သည့် ဩစတြေးလျား ပြည်သူလူထုတစ်ရပ်လုံးအား ကူညီရန် တာဝန်ရှိသော အစိုးရအဖွဲ့အစည်း အမျိုးစုံတွင် လူအမြောက်အမြား အလုပ်လုပ်နေကြပါသည်။

အကယ်၍သင်သည် အဆင့်အတန်းခွဲ ဗီဇာ 202 ကိုင်ဆောင်ထားလျှင်မူ၊ သင့်အား အဆိုပြုသူမှ သင့်ကို ဩစတြေးလျား၌ အခြေကျရန်အတွက် အထောက်အပံ့ပေးရန် နှင့် ကူညီရန်တို့အတွက် သဘောတူထားပါသည်။ အဆိုပြုသူဆိုသည်မှာ အများအားဖြင့် မိသားစုဝင်တစ်ဦး၊ မိတ်ဆွေ သို့မဟုတ် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ သင့်ထံ၌ သင်အခြေကျရေးကို ကူညီရန် သဘောတူထားသည့် အဆိုပြုသူတစ်ဦးရှိသော်လည်း သင့်အနေနှင့် ရှေ့ဆက်၍ အထောက်အပံ့တစ်စုံတစ်ရာ လို၊ မလို သတ်မှတ်ဆုံးဖြတ်ရေးအတွက် HSP အမှုတွဲလုပ်သားတစ်ဦးက သင့်အဆိုပြုသူအား ဖုန်းဆက်ပြီး သင်နှင့် ဆွေ့ဆုံရန် ရက်ချိန်းပေးပါလိမ့်မည်။

### HSP အကျွမ်းဝင်ရေး အစီအစဉ်

HSP အကျွမ်းဝင်ရေး အစီအစဉ်မှ ရရှိမည့် အသိပညာသည် "ဩစကို" (AUSCO) သင်တန်းမှ ရရှိခဲ့သည့် အချက်အလက်များအပေါ် ထပ်တိုးချဲ့ထွင် ဖြည့်ဆည်းပေးခြင်းဖြစ်ပါလိမ့်မည်။ ယင်းအစီအစဉ်၌ အတန်းသို့ တက်ရောက်ခြင်းများ၊ လေ့လာရေးခရီးထွက်ခြင်းများ၊ သင့် လူမှုအသိုင်းအဝိုင်းအသစ် နှင့် မြို့တော်အသစ်တွင် ဤအသိပညာအချက်အလက်ကို လက်တွေ့ကျင့်ကြံရေးအား အထောက်အကူပြုမည့် ဆောင်ရွက်လှုပ်ရှားမှုများ ပါဝင်နိုင်ဖွယ်ရှိပါသည်။

HSP အကျွမ်းဝင်ရေး အစီအစဉ်သည် သင့်မေးခွန်းများအား ဖြေကြားပေးနိုင်ခြင်း၊ သင်နှင့် အခြေအနေတူသော အခြားလူများထံမှ လေ့လာသင်ယူနိုင်ခြင်း၊ အိမ်ရာ၊ ရငွေ၊ သုံးငွေ တွက်ချက်လျာထားခြင်းကဲ့သို့သော လက်တွေ့ကျသည့် ပညာသုတ ရရှိစေနိုင်ခြင်း - ဤအကြောင်းကြောင့် ၎င်းသည် အလွန်ကောင်းသည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဥပမာ၊ တစ်ဦးတစ်ယောက်က သင့်ဒေသခံအရပ်ရှိ ဈေးအပေါ်ဆုံးဆိုင်များကို သင့်အား ပြသခြင်းအားဖြင့် သင့်အနေဖြင့် ဈေးဝယ်ခြင်း နှင့် ရငွေ၊ သုံးငွေအား တွက်ချက်လျာထားခြင်းအကြောင်းကို လေ့လာသင်ယူရနိုင်ဖွယ်ရှိပါသည်။ သင် ဩစတြေးလျား တရားဥပဒေအကြောင်း ပိုမိုလေ့လာသိရှိရေးကို အထောက်အကူပြုရန်အတွက် သင့်အနေဖြင့် ရဲ နှင့် ရှေ့နေများအား တွေ့ဆုံနိုင်ကောင်း တွေ့ဆုံနိုင်ပါသည်။

ဩစတြေးလျား၌ သင့်ဘဝသစ်အား အထောက်အကူပြုရန် လက်တွေ့ကျသော ကျွမ်းကျင်မှုများ နှင့် သုတပညာကို HSP အကျွမ်းဝင်ရေး အစီအစဉ်က ပံ့ပိုးပေးပါလိမ့်မည်။ အချက်အလက်များအား ပိုမိုသိလိုပါက www.dss.gov.au ၌ ကြည့်ပြီး "Humanitarian Settlement Program" ကို ရှာဖွေပါ။

## တစ်ပြည်လုံးဆိုင်ရာ စကားပြန် ဝန်ဆောင်မှု အဖွဲ့အစည်း

သင် စကားပြန်တစ်ဦးအား လိုအပ်လျှင်၊ တစ်ပြည်လုံးဆိုင်ရာ ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှု အဖွဲ့အစည်း (Translating and Interpreting Service – TIS National) ကို 13 1450 ၌ဆက်ပါ။ အချက်အလက်များအား ပိုမိုသိရန် www.tisnational.gov.au/en/Non-English-speakers ၌ကြည့်ပါ။



## Centrelink

သင် Centrelink မှ နှစ်ပတ်တိုင်း တစ်ကြိမ် ပေးငွေများ ရခွင့် ရှိကောင်းရှိနိုင်ပါသည်။ အကယ်၍ သင့်၌ ရခွင့်ရှိလျှင် Centrelink သည် သင့်ဘဏ်စာရင်းထဲသို့ ငွေသွင်းပေးပါလိမ့်မည်။ သင်ရရှိသည့် ငွေပမာဏသည် အခြားသူများ ရရှိသည့်ပမာဏနှင့် ကွာခြားနိုင်ဖွယ်ရှိပါသည်။ Centrelink သည် သင့်ကိုယ်ရေးကိုယ်တာအခြေအနေပေါ် မူတည်၍ သင့်အား ငွေမည်မျှပေးရမည်ကို တွက်ချက်ပေးပါလိမ့်မည်။ အချက်အလက်များအား ပိုမိုသိရန် www.humanservices.gov.au/customer/dhs/centrelink ၌ကြည့်ပါ။

## သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ်

သင့်၌ AMEP အစီအစဉ်အရ အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူပိုင်ခွင့် ရှိကောင်းရှိနိုင်ပါသည်။ AMEP အစီအစဉ်အရ စုစုပေါင်း 510 နာရီစာ အခမဲ့ အင်္ဂလိပ်စာသင်တန်းကို ကမ်းလှမ်းပေးပါသည်။ သင့်ဒေသခံ AMEP ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း တည်ရှိနေရာများကို ရှာဖွေတွေ့ရန် www.education.gov.au/amep ၌ ကြည့်ပါ၊ သို့မဟုတ် ဩစတြေးလျား၏ မည်သည့်အရပ်ဒေသမှမဆို ဖုန်းဆက်ခေါ်၍၊ Skilling Australia (စကစ်လင်းဂ် ဩစတြေးလျား) အဖွဲ့အစည်း၏ သိကောင်းစရာအချက်အလက် ဖုန်းလိုင်း အား 13 3873 ၌ အရပ်တွင်း ဖုန်းဆက်ခေါ် ခနှုန်းဖြင့် ဆက်ပါ။

## အခွန်ဖိုင်နံပါတ်

Centrelink ထောက်ပံ့ကြေးများ ရရှိရန် သို့မဟုတ် အလုပ်လုပ်ရန်၊ သင် အခွန်ဖိုင်နံပါတ်ကို လိုအပ်ပါလိမ့်မည်။ ၎င်းသည် ဩစတြေးလျားနိုင်ငံတော် အခွန်ရုံး (Australian Taxation Office) မှ သင့်အား ထုတ်ပေးသော အတုမရှိ နံပါတ်တစ်ခုဖြစ်ပါသည်။ ယင်းနံပါတ်သည် ဝင်ငွေအထောက်အပံ့ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်များ လျှောက်ထားရာ၌ အထောက်အကူပြုပါလိမ့်မည်။ Centrelink ၌ ရှိသောဝန်ထမ်းများ သင် အခွန်ဖိုင်နံပါတ်ကို ရယူရန် ကူညီပေးနိုင်ပါသည်။ နောက်ထပ်အချက်အလက်များအတွက www.ato.gov.au ၌ ကြည့်ပါ

## Medicare

Medicare သည် အချို့သော ဆေးကုသ ပြုစုစောင့်ရှောက်မှု ကုန်ကျစရိတ်အတွက် ပံ့ပိုးပေးပါသည်။ သင့်အား အဆိုပြုသူ သို့မဟုတ် သင့် အမှုတွဲလုပ်သားသည် အနီးဆုံး Medicare ဝန်ဆောင်မှုဌာန၊ ဆေးရုံ၊ ဆရာဝန် ဆေးပေးခန်း နှင့် အခြားကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများ တည်ရှိရာကို သင့်အား ပြသပါလိမ့်မည်။ နောက်ထပ်အချက်အလက်များအတွက် www.humanservices.gov.au/medicare ၌ ကြည့်ပါ

## ကာကွယ်ဆေးထိုးပေးခြင်း

သင့်အနေနှင့် ကျန်းမာရေး ဆေးစစ်မှုကို အပြည့်အဝလုပ်ရန်လည်း လိုအပ်လိမ့်မည်ဖြစ်ပြီး၊ မလုပ်မနေရ မဟုတ်သော်လည်း၊ သင့်ကလေးများအား ကာကွယ်ဆေးထိုးပေးရန် အလေးအနက် အကြံပြုတိုက်တွန်းအပ်ပါသည်။ အချို့ပြည်နယ်များ နှင့် ဒေသများတွင်၊ ကလေးများ နေ့ကလေးထိန်းကျောင်း သို့မဟုတ် ကျောင်း စတက်ကြသည့်အခါ၌၊ ကလေး၏ ကာကွယ်ဆေးထိုးမှတ်တမ်းအား တင်ပြရန် တောင်းခံကြပါသည်။ နောက်ထပ်အချက်အလက်များအတွက် www.health.gov.au ၌ ကြည့်ပါ



ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

*ပြန်လည်ပြင်ဆင် ထုတ်ဝေချက် (ဧပြီလ ၂၀၁၈ ခုနှစ်)*

Australian Government
Department of Social Services

သြစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM